United Nations Nations Unies

INDEPENDENT INVESTIGATIVE MECHANISM FOR MYANMAR • MÉCANISME D'ENQUÊTE INDÉPENDANT POUR LE MYANMAR

# ရိုဟင်ဂျာများအပေါ် ကျူးလွန်သည့် လိင်နှင့်ဂျင်ဒါအခြေပြု ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးရန်နှင့် အပြစ်ပေး အရေးယူရန် ကြိုးပမ်းမှုနှင့်သက်ဆိုင်သည့် သက်သေအထောက်အထား စိစစ်သုံးသပ်ချက်

## အများပြည်သူဖတ်ရှုနိုင်ရန်အတွက် ထုတ်ပြန်သည့် အကျဉ်းချုပ်

၁. ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးမှု ယန္တရား ("IIMM" သို့မဟုတ် "ယန္တရား") ကို ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက် ၃၉/၂ အရ ဖွဲ့စည်းတည်ထောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ်မှစ၍ ကျူးလွန်ခဲ့သော ကြီးလေးသည့် နိုင်ငံတကာရာဇဝတ်မှုများနှင့် ဆက်စပ်သော သက်သေအထောက်အထားများကို စုဆောင်းသုံးသပ်ရန် လုပ်ပိုင်ခွင့်ချမှတ်ခဲ့ပြီး အဆိုပါ ရာဇဝတ်မှုများကို တရားစီရင်ပိုင်ခွင့်ရှိသော နိုင်ငံတွင်း၊ ဒေသတွင်း သို့မဟုတ် နိုင်ငံတကာ တရားရုံးများတွင် တရားစီရင်နိုင်ရေးအတွက် အမှုတွဲများမျှဝေရန် တာဝန်ပေးအပ်ခဲ့သည်။ လက်ရှိတွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် လိင်နှင့်ဂျင်ဒါအခြေပြု ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းသည် ယန္တရား၏ အရေးပေးဆောင်ရွက်နေသည့် လုပ်ငန်းတစ်ရပ်ဖြစ်သည်။ ယန္တရားသည် ၎င်း၏ လုပ်ပိုင်ခွင့်နှင့်အညီ၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ရှင်းလင်းစစ်ဆင်ရေးများ၌ ကျူးလွန်ခဲ့သည့် လိင်နှင့်ဂျင်ဒါအခြေပြု ရာဇဝတ်မှုအား စုံစမ်းစစ်ဆေးရန် အားထုတ်မှုများကို ဆန်းစစ်သည့် ဤစိစစ်သုံးသပ်ချက်မှတ်စု ("မှတ်စု")ကို ပြင်ဆင်သည်။ ယန္တရားသည် အများပြည်သူဖတ်ရှုနိုင်ရန် ထုတ်ပြန်သည့် ဤအကျဉ်းချုပ်တွင် အချက်အလက်မျှဝေပေးသူများထံမှ လူသိရှင်ကြားမျှဝေရန် သဘောတူညီချက် မရရှိထားသော အကြောင်းအရာအနည်းငယ်ကို ချန်လှပ်ထားသည်။

၂. နိုင်ငံတကာဥပဒေများအရ၊ စစ်တပ်နှင့် ကြီးလေးသောတာဝန်များကို ထမ်းဆောင်နေသည့် အရပ်သားခေါင်းဆောင်များသည် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု၊ လူမျိုးပြုန်းစေမှု စသည့် နိုင်ငံတကာရာဇဝတ်မှုများအဖြစ်သတ်မှတ်နိုင်သည့် ကျူးလွန်မှုများကို စုံစမ်းစစ်ဆေးပြီး အရေးယူရန် ဝတ္တရားရှိသည်။ ယခင်အမှုများတွင် နိုင်ငံတကာတရားရုံးသည် ပြစ်မှုကျူးလွန်ရန်ကြံရွယ်ချက်ဖြင့် မုဒိမ်းမှုကျူးလွန်ပါက လူမျိုးပြုန်းစေမှုအဖြစ် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံအပါအဝင် လူမျိုးပြုန်းစေမှု ကာကွယ်ရေးနှင့် ပြစ်ဒဏ်ချမှတ်ရေးဆိုင်ရာစာချုပ် အဖွဲ့ဝင်နိုင်ငံများအားလုံးသည် အဆိုပါ ကြီးလေးသည့်ရာဇဝတ်မှုများ ကျူးလွန်သည်ဟု စွပ်စွဲချက်များ ကြားသိထားပါက စုံစမ်းစစ်ဆေးပြီး အပြစ်ပေးရန် တာဝန်ရှိသည်။

၃. ဤစိစစ်သုံးသပ်ချက်မှတ်စုအတွက် ယန္တရားသည် ပွင့်လင်းရင်းမြစ်များရှိ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ရှင်းလင်းစစ်ဆင်ရေးများ၌ ကျူးလွန်ခဲ့သည့် လိင်နှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုနှင့် ဆက်စပ်သော အထောက်အထားများကို ဆန်းစစ်ခဲ့သည်။ မြန်မာအာဏာပိုင်များက သိရှိထားသည်ဆိုသည့် စွပ်စွဲချက်ကို အဓိက သုံးသပ်ထားသောကြောင့် ယန္တရားသည် လျှို့ဝှက်စွာမေးမြန်းစုံစမ်းသည့် အင်တာဗျူးများထက် ပွင့်လင်းရင်းမြစ်များမှ ရရှိသည့် အထောက်အထားများကို ဆန်းစစ်ခဲ့သည်။ မှတ်စုတွင် လူအများလက်လှမ်းမီသည့် သတင်းမီဒီယာမှ ဆောင်းပါးနှင့် ဗီဒီယိုများ၊ နိုင်ငံတကာနှင့် ပြည်တွင်းမှ လူ့အခွင့်အရေးနှင့် အခြားအရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အစီရင်ခံစာများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများစွာ၏ အစီရင်ခံစာများ၊ ကုလသမဂ္ဂလုံခြုံရေးကောင်စီနှင့် လူ့အခွင့်အရေးကောင်စီတို့၏ ဆွေးနွေးချက်များ၊ နိုင်ငံတကာရာဇဝတ်ခုံရုံး၏ တရားခွင်အကြိုတရားရုံးမှ ရှာဖွေတွေ့ရှိချက်များ၊ မြန်မာအရာရှိများ၏ ထုတ်ပြန်ချက်မှတ်တမ်းများကို ပြန်လည်စိစစ်သုံးသပ်ခဲ့သည်။ ထိုသို့ စိစစ်ပြီးသည့်အခါ၊ မြန်မာအာဏာပိုင်များသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ရှင်းလင်းစစ်ဆင်ရေးများ၌ မြန်မာလုံခြုံရေးတပ်ဖွဲ့ဝင်များက ရိုဟင်ဂျာများအပေါ် ကြီးလေးသည့် လိင်နှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုများ ကျူးလွန်သည့် စွပ်စွဲချက်များအကြောင်း သိရှိနေသည်ဟု ညွှန်ပြနေသည့် အထောက်အထားများစွာကို တွေ့ရှိရကြောင်း ကောက်ချက်ချသည်။

၄. ထို့နောက် မှတ်စုတွင် မြန်မာအာဏာပိုင်များက အဆိုပါ စွပ်စွဲချက်များကို မည်သို့မည်ပုံ တုံ့ပြန်သည်ကို လေ့လာသည်။ အထူးသဖြင့် စွပ်စွဲချက်များနှင့်ပတ်သက်၍ အာဏာပိုင်များ၏ စုံစမ်းစစ်ဆေးရန်နှင့် အပြစ်ပေးအရေးယူရန် ကြိုးပမ်းအားထုတ်မှုများကို ဆန်းစစ်ခဲ့သည်။ မှတ်စုတွင် မြန်မာအာဏာပိုင်များ ဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် မေးမြန်းစုံစမ်းမှု ၆ ရပ်ကို လေ့လာသုံးသပ်ခဲ့သည်။ အဆိုပါ စုံစမ်းစစ်ဆေးမှုများ၏ နည်းစနစ်များနှင့် ရှာဖွေတွေ့ရှိချက်များအတွက် တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်အချို့ကို ဆန်းစစ်ခဲ့သည်။ ဆန်းစစ်သုံးသပ်သည့်အခါ စုံစမ်းစစ်ဆေးမှုများ၌ အသုံးပြုထားသည့် နည်းစနစ်သည် ထိုကဲ့သို့သော စုံစမ်းစစ်ဆေးမှုမျိုးအတွက် လုံးဝ လုံလောက်မှုမရှိကြောင်း တွေ့ရှိခဲ့သည်။ ထို့အပြင် ခန့်အပ်ထားသည့် စုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင်များသည်လည်း ကျူးလွန်ခံရသူများကို ချိုးနှိမ်သည့်ထင်မြင်ချက်များ ပေးလေ့ရှိပြီး ပညာရှင်ပီသသော ဓမ္မဓိဋ္ဌာန်ကျမှု ကင်းမဲ့နေသည်ဟု သုံးသပ်သည်။ ယင်းစုံစမ်းစစ်ဆေးမှုများ၏ ရလဒ်များကို ဆန်းစစ်သည့်အခါ တပ်မတော်မှ စစ်သား သို့မဟုတ် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ အရာရှိ တစ်ဦးတစ်ယောက်မျှ တရားစွဲဆိုအရေးယူခြင်း မခံခဲ့ရပါ။ ထို့အပြင် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ရှင်းလင်းစစ်ဆင်ရေးများ၌ ကျူးလွန်ခဲ့သော လိင်နှင့် ဂျင်ဒါအခြေပြု ရာဇဝတ်မှုကို စုံစမ်းစစ်ဆေးရန်ပျက်ကွက်ခဲ့သည့်အတွက် မည်သည့်တပ်မှူးကိုမှ ရာထူးက ထုတ်ပယ်ခြင်း၊ ရာထူးလျှော့ချခြင်း၊ ပိတ်ဆို့အရေးယူခြင်းများ မရှိခဲ့ပါ။

၅. ဤမှတ်စုတွင် မြန်မာနိုင်ငံအစိုးရက ဆောင်ရွက်ခဲ့သည့် စုံစမ်းစစ်ဆေးမှုများသည် လုံးဝ မလုံလောက်ကြောင်း သုံးသပ်သည်။ မြန်မာနိုင်ငံရှိ အာဏာပိုင်များသည် အဆိုပါ စွပ်စွဲချက်များကို

အလေးထား စုံစမ်းစစ်ဆေးပြီး ကျူးလွန်သူများကို အပြစ်ပေးအရေးယူရမည့် ၎င်းတို့၏ တာဝန်ဝတ္တရားကို ပျက်ကွက်ခဲ့သည်။